JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

ဇူလိုင် ၁၅၊၂၀၂၂ - မြန်မာ

## အိန္ဒိယက မြန်မာစစ်တပ်ထံ စနက်တံများ ရောင်းချပြီး တရားလက်လွတ်တိုက်ခိုက်မှုများကို ပံ့ပိုးကူညီနေ

အိန္ဒိယကုမ္ပဏီ Sandeep Metalcraft Private Limited က မြန်မာစစ်တပ်ကို စနက်တံတွေ ထောက်ပံ့နေပြီး၊ စစ်ရာဇဝတ်မှုတွေ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေမြောက်နိုင်တဲ့ စစ်တပ်ရဲ့ မြန်မာပြည်သူတွေအပေါ် တိုက်ခိုက်မှုတွေကို တိုက်ရိုက်ပံ့ပိုးကူညီနေတာ ဖြစ်ပါတယ်။

အိန္ဒိယကုမ္ပဏီရဲ့ မြန်မာစစ်တပ်နဲ့လုပ်ဆောင်နေတဲ့ စီးပွားရေးလုပ်ငန်းအကြောင်းကို Justice For Myanmar ရဲ့ စုံစမ်းထောက်လှမ်းလေ့လာမှုတစ်ခုကနေ ဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။

စနက်တံတွေဟာ ဗုံးနဲ့အမြောက်ဆံတွေမှာ ပေါက်ကွဲမှုကို ဖြစ်စေတဲ့ ကိရိယာတွေ ဖြစ်ပါတယ်။

Panjiva ကုန်သွယ်ရေးဒေတာဘေ့စ်က ကုန်သွယ်ရေးမှတ်တမ်းတွေအရ Sandeep Metalcraft ကုမ္ပဏီရဲ့ လတ်တလောနောက်ဆုံး ကုန်ပစ္စည်းတင်ပို့မှုက ၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ကဖြစ်ပြီး၊ စနက်တံ ၃၀၀၀ ပါဝင်ကြောင်း သိရပါတယ်။ ယင်းကုန်တင်ပို့မှုမတိုင်မီက ၂၀၁၉ ခုနှစ်မှာ စနက်တံ ၅ ခု၊ ၂၀၂၀ ခုနှစ်မှာ စနက်တံ ၁၀၀၀ တင်ပို့မှုတွေ ရှိခဲ့ပါတယ်။

နောက်ဆုံးကုန်တင်ပို့မှုနှစ်ခုမှာ ဘယ်လို စနက်တံအမျိုးအစားတွေ ပါဝင်တယ်ဆိုတာကို တိတိကျကျ ခွဲခြားမသိရပေမယ့်လည်း၊ ၂၀၁၉ ခုနှစ်ကုန်တင်ပို့မှုမှာ ၈၄ မီလီမီတာ Carl Gustaf နောက်ပွင့်ရိုင်ဖယ်တွေအတွက် ဒီဇိုင်းထုတ်ထားတဲ့ စက်သုံး ချိန်ကိုက် စနက်တံ ၄၄၇ ခုကို တင်ပို့တာဖြစ်တယ်။

မြန်မာစစ်တပ်က ၈၄ မီလီမီတာ Carl Gustaf နောက်ပွင့်ရိုင်ဖယ်တွေကို လူမျိုးစုဒေသတွေအတွင်း တိုက်ခိုက်မှုတွေမှာ အသုံးပြုထားခဲ့ပါတယ်။

Carl Gustaf လောင်ချာနဲ့ စစ်လက်နက် ထုတ်လုပ်တဲ့ ဆွီဒင်ကော်ပိုရေးရှင်း Saab Group က အိန္ဒိယစစ်လက်နက် စက်ရုံဘုတ်အဖွဲ့ဆီ စနက်တံထုတ်လုပ်ရေးလိုင်စင်ပေးအပ်တာ၊ Sandeep Metalcraft ရဲ့ မြန်မာနိုင်ငံကို ပစ္စည်းတင်ပို့တာတွေနဲ့ စပ်လျဉ်းပြီး Justice For Myanmar က မေးမြန်းတာကို ပြန်လည်ဖြေကြားခြင်း မရှိခဲ့ပါဘူး။

စနက်တံတွေကို မြန်မာပုဂ္ဂလိက စစ်လက်နက်တင်သွင်းသူ Creative Exploration Ltd ဆီကို ပေးပို့ခဲ့တာဖြစ်ပြီး၊ ဒီကုမ္ပဏီ၏ အရင်နာမည်က mySpace International ဖြစ်ပါတယ်။

Creative Exploration ကုမ္ပဏီက မြန်မာ့ရဲတပ်ဖွဲ့အတွက်လက်နက်နဲ့ ရဲသုံးပစ္စည်းတွေကို ပေးသွင်းတဲ့ အဓိက လက်နက်ပွဲစား ကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။

အဲ့ဒီကုမ္ပဏီကို ဒေါက်တာကျော်ကျော်ထွန်းနဲ့ သူ့ရဲ့ ဇနီး ဇာဖြူတင်စိုးတို့က ပိုင်ဆိုင်ပြီး၊ ဇာဖြူတင်စိုးက ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ဖြစ်ခဲ့သူ စစ်အရာရှိဟောင်းတစ်ဦးရဲ့သမီးဖြစ်ပါတယ်။ ကျော်ကျော်ထွန်းက စစ်အရာရှိဟောင်းတစ်ဦးဖြစ်ပြီး၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းဆင်း တစ်ဦး ဖြစ်ပါတယ်။

၂၀၂၀ ခုနှစ်ကစပြီး Creative Exploration ကုမ္ပဏီဟာ အမေရိကန်ကုမ္ပဏီ Oxygen Forensics ဆီကနေအမေရိကန် ဒီဂျစ်တယ် မှုခင်းဆေးပညာဆိုင်ရာနည်းပညာတွေနဲ့ အမေရိကန်ကုမ္ပဏီ Sirichie ဆီက ဒီဂျစ်တယ်မှုခင်း ဆေးပညာဆိုင်ရာ စမ်းသပ်စစ်ဆေးမှုစက်တစ်လုံးကိုလည်း တင်သွင်းထားခဲ့ပါတယ်။ အဲ့ဒီတင်သွင်းမှု နှစ်ခုလုံးကို အိန္ဒိယတင်သွင်းသူ ကုမ္ပဏီတွေကတဆင့် တင်သွင်းခဲ့တာ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာစစ်တပ်ကို စစ်လက်နက်ရောင်းချတာ ပိတ်ပင်တဲ့ ပြဌာန်းချက်တစ်ရပ်ကို ချက်ချင်း ချမှတ်ပြဌာန်းပေးဖို့ Justice For Myanmar က တောင်းဆိုပါတယ်။

ဆွီဒင်နိုင်ငံအနေနဲ့ အိန္ဒိယစစ်လက်နက်ထုတ်လုပ်သူကုမ္ပဏီတွေကို လောင်ချာနဲ့ စစ်လက်နက်ထုတ်လုပ်ရေး လိုင်စင်တွေ ပေးအပ်တာနဲ့ကုန်တင်ပို့တာတွေကို မဖြစ်မနေ ရပ်ဆိုင်းရမှာဖြစ်ပြီး၊ မြန်မာနိုင်ငံကို Sandeep Metalcraft ရဲ့ ကုန်တင်ပို့တာတွေမှာ ဆွီဒင်နည်းပညာတွေ ပါဝင်ခြင်းရှိမရှိကို စုံစမ်းစစ်ဆေးရမှာ ဖြစ်ပါတယ်။

Quadrilateral Security Dialogue (the Quad) လေးပွင့်ဆိုင် လုံခြုံရေးဆွေးနွေးဖက် အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဩစတြေးလျ၊ ဂျပန်နဲ့ အမေရိကန်နိုင်ငံတို့အနေနဲ့ မြန်မာစစ်တပ်ဆီ အိန္ဒိယနိုင်ငံကနေ စစ်လက်နက် စီးဆင်းတာကို သူတို့ရဲ့ လွှမ်းမိုးနိုင်စွမ်း ဩဇာကို အသုံးပြုပြီး ရပ်တန့်အောင် လုပ်ရမှာ ဖြစ်ပါတယ်။

Creative Exploration, Sandeep Metalcraft နဲ့ သူတို့ရဲ့ ပိုင်ရှင်တွေ၊ မြန်မာစစ်တပ်အတွက် စစ်လက်နက် တင်သွင်းသူအားလုံးအပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုတွေကို အရေးတကြီး ပြဌာန်းချမှတ်ရမှာ ဖြစ်ပါတယ်။

**Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "မြန်မာစစ်တပ်ကို အိန္ဒိယက စနက်တံတွေ ပံ့ပိုးပေးတာဟာ ခွင့်လွှတ်နိုင်စရာအကြောင်းမရှိပါဘူး။

“စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုတွေကို ကျူးလွန်ဖို့ မြန်မာစစ်တပ်က အဓိက အသုံးပြုနေတဲ့ စစ်လက်နက်တွေရဲ့ အဓိကအစိတ်အပိုင်းတွေကို တင်ပို့ခွင့်ပြုထားတာကိုက အရပ်သားပြည်သူတွေအပေါ် စစ်ကောင်စီရဲ့ တရားမဲ့တိုက်ခိုက်မှုတွေကို အိန္ဒိယနိုင်ငံက တိုက်ရိုက်ပံ့ပိုးပေးနေတာ ဖြစ်ပါတယ်။

“တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အကြမ်းဖက်နေတဲ့ စစ်ဆင်ရေးတွေမှာ လူနေအိမ်တွေနဲ့ ကျေးရွာတွေအပေါ် ဗုံးကြဲ တိုက်ခိုက်ဖို့၊ ပြည်သူတွေကို သတ်ဖြတ်ပြီး ဒုက္ခိတဘဝရောက်စေဖို့၊ ပြည်သူ ၆၉၀,၀၀၀ လောက် ကို အတင်းအဓမ္မ ဖိအားပေးထွက်ပြေးစေဖို့အတွက် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုတွေနဲ့ ဗုံးကြဲတိုက်ခိုက်မှုတွေ အသုံးပြုထားခဲ့ပြီး ဖြစ်ပါတယ်။

“ဒီမိုကရေစီတိုင်းပြည်တစ်ခု၊ ဒါ့အပြင် မြန်မာ့အိမ်နီးချင်းတစ်ရပ်လည်းဖြစ်တဲ့ အိန္ဒိယအစိုးရအနေနဲ့ စစ်ရာဇဝတ်ကောင်တွေ၊ တရားမဝင်စစ်ကောင်စီတွေနဲ့ မရပ်တည်ဘဲ၊ မြန်မာပြည်သူတွေနဲ့အတူ ရပ်တည်ဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။

“အိန္ဒိယအနေနဲ့ မြန်မာစစ်တပ်အပေါ် စစ်လက်နက်ရောင်းချမှုပိတ်ပင်ရေးကို ချက်ချင်းပြဌာန်းပြီး၊ စစ်ကောင်စီရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ရာဇဝတ်မှုတွေမှာ ကြံရာပါပတ်သက်မှုကို အဆုံးသတ်ဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။

“မြန်မာနိုင်ငံမှာရှိတဲ့ အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်နေတဲ့ စစ်လက်နက်တွေ ပေးအပ်နေတဲ့လုပ်ရပ်မှာ ဆွီဒင်ကုမ္ပဏီတစ်ခု ပါဝင်ဆက်နွယ်နေနိုင်တဲ့အပေါ်မှာလည်း အလေးအနက်ကို စိုးရိမ်စရာ ဖြစ်ပါတယ်။

“အိန္ဒိယက အကြမ်းဖက်စစ်ကောင်စီဆီ စစ်လက်နက်စီးဆင်းမှုကို ရပ်တန့်တဲ့အထိ အိန္ဒိယကို လောင်ချာနဲ့ စစ်လက်နက်တွေ တင်ပို့တာနဲ့ လိုင်စင်ပေးအပ်တာကို ချက်ချင်းရပ်ဆိုင်းထားပေးဖို့ ဆွီဒင်နိုင်ငံကို ကျွန်မတို့ တောင်းဆိုပါတယ်။” လို့ ပြောကြားခဲ့ပါတယ်။

## ပိုမိုသိရှိရန်

ကျွန်ုပ်တို့ရဲ့စုံစမ်းဖော်ထုတ်မှုဖြစ်တဲ့ “အိန္ဒိယက မြန်မာစစ်တပ်ထံ စနက်တံများ ရောင်းချပြီး စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများတွင် နက်ရှိုင်းစွာ ပါဝင်ပတ်သက်မှု” အသေးစိတ်ပါ သတင်းဆောင်းပါးအား ယခုနေရာတွင် ရယူပါ။

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန်၊ စစ်တပ်စီးပွားရေးများအဆုံးသတ်ရန် တောင်းဆိုနေပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများ အစုအဖွဲ့ ဖြစ်သည်။

Justice For Myanmar | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/